# ကြည်လင်ပြတ်သားစွာ လေ့လာခြင်း ကောက်နုတ်ချက်များ

## ယောဘဝတ္ထု၊ သုတ္တံကျမ်း၊ ဒေသနာကျမ်း

### အဓိကသော့ချက်များ

ကိုယ်တော်ကို ချစ်သောသူတို့အား ဆက်ဆံဖြေရှင်းခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ
သူတို့သည် ကိုယ်တော်ကို အပြည့်ဝဆုံးအတိုင်းအတာအထိ ရရှိနိုင်ရန်၊
ကိုယ်တော်ထက် အခြားအရာအားလုံးကို ဆုံးရှုံးခြင်းအား ဖြတ်ကျော်နိုင်ရန် ဖြစ်သည်၊
သို့မှသာ ကိုယ်တော်သည် လူကိုဖန်ဆင်းခြင်း၌ ကိုယ်တော်၏ရည်ရွယ်ချက် ပြည့်စုံစေခြင်းငှာ
သူတို့မှတစ်ဆင့် ထင်ရှားလာနိုင်မည်ဖြစ်သည်။

ယောဘသည် ကောင်းသောလူဖြစ်ကာ၊ မိမိ၏စုံလင်ခြင်း၊ ဖြောင့်မှန်ခြင်းနှင့် တည်ကြည်ခြင်း၌
မိမိကိုယ်ကို ထင်ရှားပြသခဲ့သည်၊ သို့သော် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ
ယောဘသည် ဘာမျှမရှိသည့်တိုင် နုတ်ယူခံရရန်၊ သူ၏ဖြစ်တည်ခြင်း၌ စောင့်ထိန်းခံရရန်၊
ဘုရားသခင်ကို သူ့အထဲသို့ ဖြည့်သွင်းခံရရန်နှင့် ဘုရား-လူတစ်ဦးဖြစ်လာ၍
ဘုရားဆိုင်ရာ ဂုဏ်အင်လက္ခဏာများကို ထင်ရှားစေရန် ဖြစ်သည်။

ကိုယ်တော်၏ သန့်ရှင်းသောလူမျိုးတော်ကို ဆက်ဆံဖြေရှင်းခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ
သူတို့သည် အရာခပ်သိမ်းမှ ဗလာဖြစ်လာကာ၊ ဘုရားသခင်တစ်ပါးတည်းကိုသာ
သူတို့၏အမြတ်အဖြစ် ရရှိရန် ဖြစ်သည်။ ဘုရားသခင့်စိတ်နှလုံးတော်၏ အလိုဆန္ဒမှာ
သူတို့သည် ကိုယ်တော်ကို အသက်အဖြစ်၊ အသက်မစရာအဖြစ်၊
သူတို့ဖြစ်ခြင်း၏ အရာခပ်သိမ်းအဖြစ် ရရှိစေရန် ဖြစ်သည်။

ဘုရားသခင်၏ ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများသည် ခရစ်တော်ကို သူတို့အဖို့
ဘုရားသခင်ထံမှ ဉာဏ်ပညာအဖြစ် တွေ့ကြုံခံစားကြပြီး၊ ခရစ်တော်၏ကြွယ်ဝခြင်းများကို ယူဆောင်ကာ
မွေ့လျော်ဝမ်းမြောက်ခြင်းရှိကြသောအခါ၊ ဤကြွယ်ဝခြင်းများသည် သူတို့ကို အသင်းတော်အဖြစ် စေ့စပ်ထုံးဖွဲ့ပေးပြီး၊
ထိုမှတစ်ဆင့် ဘုရားသခင်၏ အထူးထူး အပြားပြားသော ပညာတော်သည် ကောင်းကင်ဆိုင်ရာများရှိ
ကောင်းကင်တမန်ဆိုင်ရာ အစိုးရသူများနှင့် အာဏာစက်များထံ သိစေနိုင်မည်ဖြစ်သည်။

*© 2020 Living Stream Ministry*

Message One

# ယောဘစာစောင်ရှိ ကြီးစွာသောမေးခွန်းနှင့် ကြီးစွာသောအဖြေ

ဖတ်ရန်ကျမ်း။ ။ ယောဘ၊၁း၁။ ၁၀း၂ခ၊ ၁၃။ ဧ၃း၉။ ယောဘ၊၄၂း၅-၆

**I. ယောဘစာစောင်ရှိ အခန်းကြီးလေးဆယ့်နှစ်ခန်းတို့သည် အပိုင်းနှစ်ပိုင်းပါသည့် ကြီးစွာသောမေးခွန်းနှစ်ခုကို ချန်ထားပေးခဲ့သည်၊ ယင်းတို့မှာ လူကိုဖန်ဆင်းခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ အဘယ်နည်း၊ သူ၏ရွေးချယ်ခံလူမျိုးကို ဆက်ဆံဖြေရှင်းခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ အဘယ်နည်း - ၁း၁။ ၁၀း၂ခ၊ ၁၂-၁၃။ ညွှန်း၊ ၁၁း၁၂။ ၁၃း၄။**

A. ယောဘက ဘုရားသခင်အား “အကျွန်ုပ်နှင့် ဆန့်ကျင်ဘက်ပြုတော်မူသည်အကြောင်းကို ပြတော်မူပါ" (၁၀း၂ခ)။ "ဤအမှုအရာတို့ကို နှလုံးတော်၌ ဝှက်ထားသော်လည်း၊ ကြံစည်တော်မူသည်နှင့်အညီ ရောက်ကြောင်းကို အကျွန်ုပ် သိပါ၏ (အငယ်၊ ၁၃)” ဟု ပြောခဲ့သည်။

B. ဤအရာက ယောဘသည် သူ့ကို ဘုရားသခင်၏ပြုမူဆက်ဆံခြင်းအတွက် အကြောင်းရင်း ရှာမတွေ့ခဲ့သော်လည်း၊ ဘုရားသခင်၏စိတ်နှလုံးတော်၌ ဝှက်ထားသည့် အကြောင်းပြချက်အချို့ရှိရမည်ဖြစ်ကြောင်း သူယုံကြည်ထားခဲ့သည်။ ဘုရားသခင်၏စိတ်နှလုံးတော်၌ ဝှက်ထားသောအရာမှာ ခေတ်ကာလများ၏နက်နဲခြင်း - ဘုရားသခင်၏ထာဝရ စီမံကိန်း ဖြစ်သည် - ဧ၃း၉။

**II. ဤကြီးစွာသော မေးခွန်းအဖို့ ကြီးစွာသောအဖြေမှာ ခေတ်ကာလများတစ်လျှောက် ဘုရားသခင်၌ ဝှက်ထားသော နက်နဲခြင်းတည်းဟူသော ဘုရားသခင်၏ ထာဝရစီမံကိန်းဖြစ်သည်၊ ယင်းမှာ ကိုယ်တော်၏ စိတ်နှလုံးတော်အလိုဆန္ဒနှင့်အတူ ဘုရားသခင်၏ထာဝရရည်ရွယ်ချက်ဖြစ်သော ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၌ မိမိကိုယ်တော်တိုင်ကို ခမည်းတော်အဖြစ်၊ သားတော်၌ ဝိညာဉ်တော်အားဖြင့် ရွေးချယ်ခံလူမျိုးတော်အထဲသို့ သူတို့၏အသက်နှင့် သဘောသဘာဝအဖြစ် ဝေငှဖြန့်ဖြူးရန် ဖြစ်သည်၊ သို့မှသာ သူတို့သည် ဘုရားသခင်၏ပြည့်ဝပြည့်စုံခြင်း၊ ဘုရားသခင်၏ထင်ရှားခြင်းအတွက် လူသစ်တစ်ဦးဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် ရှင်သန်သောထုံးဖွဲ့မှုဖြစ်လာကာ၊ ယင်းသည် ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် - ၁တိ၊၁း၃-၄။ ဧ၁း၂၂-၂၃။ ၃း၉၊ ၁၉။ က၊၁း၂၆။ ဟေရှာ၊၄၃း၇။ ရော၊၈း၂၉။ ၁ယော၊၃း၂။**

A. ယောဘနှင့် သူ၏မိတ်ဆွေများက သူခံစားနေရသည့် ဒုက္ခမှာ ဘုရားသခင်၏တရားစီရင်ခြင်းအကြောင်းအရာဖြစ်သည်ဟု ထင်မှတ်ခဲ့ကြသည်။ သို့သော် ယောဘ၏ဒုက္ခဆင်းရဲများမှာ ဘုရားသခင်၏ တရားစီရင်ခြင်းမဟုတ်ဘဲ၊ ဘုရားသခင်သည် ယောဘကို ရယူနိုင်ရန်အတွက် ဘုရားသခင်၏ ချွတ်ခွာခြင်းနှင့် လောင်ကျွမ်းစေခြင်းဖြစ်ကာ၊ ထိုသို့ဖြင့် ယောဘသည် ဘုရားသခင်ကို ပို၍ ရယူနိုင်မည်ဖြစ်သည်။

B. ဘုရားသခင်သည် ယောဘကို ချွတ်ခွာနေသော်လည်း၊ ကိုယ်တော်သည် သူ့ကို အမျက်ထွက်ခဲ့ခြင်း မရှိခဲ့ပေ။ ဘုရားသခင်က ယောဘအား ကိုယ်တော်၏ရန်ဘက်အဖြစ် မှတ်ယူခြင်းလည်းမဟုတ်ဘဲ၊ ကိုယ်တော်၏ ရင်းနှီးသော အဆွေခင်ပွန်းအဖြစ် မှတ်ယူခြင်းဖြစ်သည် - ယော၊၁၉း၁၁။ ညွှန်း၊ ၁၀း၁၃။

C. ဘုရားသခင်က ယောဘသည် ဒုက္ခဆင်းရဲခံခြင်းအချိန်ကို ဖြတ်ကျော်ပြီးသည့်နောက် သူသည် ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်းဖြင့် ပြန်လည်တည်ဆောက်ခံရလိမ့်မည်ဖြစ်ကြောင်း သိတော်မူသည်၊ သို့မှသာ သူသည် အခြားသောပုဂ္ဂိုလ် - လူသစ်၊ ဖန်ဆင်းခြင်းအသစ်ဖြစ်လာကာ (ဂလ၊၆း၁၅)၊ ဘုရားသခင်၏ထင်ရှားခြင်းအတွက် ဘုရားသခင်၏ထာဝရစီမံကိန်းကို ပြီးပြည့်စုံစေနိုင်မည်ဖြစ်သည် (၂ကော၊၅း၁၇)။ ဤသည်မှာ ယောဘစာစောင်ရှိ ကြီးစွာသောမေးခွန်း၏ ကြီးစွာသော အဖြေဖြစ်သည်။

D. သမ္မာကျမ်းစာကို ဖတ်ရှုရာတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အလေးထားချက်ကို ဘုရားသခင်၏ ဝေငှဖြန့်ဖြူးခြင်းအတွက် ဘုရားသခင်၏ထာဝရစီမံကိန်းအပေါ် ဗဟိုပြုထားရန် လိုအပ်သည်။ ဘုရားသခင်၏စီမံကိန်းကို ကျွန်ုပ်တို့မသိရှိလျှင် သမ္မာကျမ်းစာကို ကျွန်ုပ်တို့နားလည်နိုင်မည်မဟုတ်ပါ။ ယောဘအတွက် ဘုရားသခင်၏ရည်ရွယ်ချက်မှာ ယောဘကို ဘုရားသခင်၏လူဖြစ်စေရန်၊ ကိုယ်တော်၏ဘုရားဆိုင်ရာ စီမံကိန်းအတိုင်း ဘုရားသခင်နှင့်စေ့စပ်ထုံးဖွဲ့ခြင်းရှိသည့်သူ ဖြစ်စေရန်ဖြစ်သည်။

1. စာစောင်ခြောက်ဆယ့်ခြောက်စောင်ရှိသည့် သမ္မာကျမ်းစာသည် တစ်ခုတည်းသော အရာအတွက်ဖြစ်သည်၊ ယင်းမှာ ဘုရားသခင်သည် ခရစ်တော်၌ ဝိညာဉ်တော်အားဖြင့် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏အသက်၊ ကျွန်ုပ်တို့၏သဘောသဘာဝနှင့်

ကျွန်ုပ်တို့၏ အရာခပ်သိမ်းဖြစ်ရန် ဝေငှဖြန့်ဖြူးဖို့ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်ခြင်း၊ ခရစ်တော်ကို ထင်ရှားခြင်း ရှိမည်ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့၏အသက်တာကို အုပ်စိုးသည့် အလေ့အလာဖြစ်သင့်ပါသည် - ယောဘ၁၀း၁၀ခ။ ၁ကော၁၅း၄၅ခ။ ရော၈း၂၊ ၁၀၊ ၆၊ ၁၁။ ဖိ၁း၁၉-၂၁က။ ၂ကော၁၃း၆။

2. ဘုရားသခင်က ယောဘကို ဆက်ဆံဖြေရှင်းခြင်းမှာ သူ့ကို လူ့ကျင့်ဝတ်ဆိုင်ရာအဝန်းအဝိုင်းမှ ဘုရားသခင်ကို ရယူသောအဝန်းအဝိုင်းအထဲသို့ ခေါ်ထုတ်ရန်ဖြစ်ကာ၊ ထိုသို့ဖြင့် သူသည် လူ့ကျင့်ဝတ်၌ စုံလင်ခြင်းကို ရှာဖွေခြင်းမှ အခြားအရာကိုရှာဖွေခြင်းအစား ဘုရားသခင်ကို ရှာဖွေခြင်းနှင့် ရယူခြင်းသို့ ပြောင်းလဲလာနိုင်မည်ဖြစ်သည်။ ဘုရားသခင်၏ရှေ့တော်၌ လူ၏ ရပ်တည်မှုသည် သူက ဘုရားသခင်ကို မည်မျှရယူခဲ့ခြင်းအပေါ် အခြေတည်သည် - ဆာ၂၇း၈။ ၁၀၅း၄။ ဖိ၃း၈။ မ၂၅း၃-၄၊ ၉။ သု၂၃း၂၃။ ဗျာ၃း၁၈။ ၂ကော၁၃း၁၄။ ၄း၁၇။ ၁ပေ၂း၇။ ဒံ၅း၂၇။ ၉း၂၃။ ၁၀း၁၁၊ ၁၉။

3. ကိုယ်တော်၏ သန့်ရှင်းသောလူမျိုးတော်ကို ဆက်ဆံဖြေရှင်းခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ သူတို့သည် အရာခပ်သိမ်းမှ ဗလာဖြစ်လာပြီး၊ ဘုရားသခင်တစ်ပါးတည်းကိုသာ သူတို့၏အမြတ်အဖြစ် ရရှိစေရန် ဖြစ်သည်။ သူ၏လူမျိုးတော်က ကိုယ်တော်ကို ရယူရန်၊ ကိုယ်တော်ကို ယူဆောင်စားသုံးရန်၊ ကိုယ်တော်ကို ပိုင်ဆိုင်ရန်၊ အခြားအရာအားလုံးထက် ကိုယ်တော်ကို ပို၍ပို၍ မွေ့လျော်ဝမ်းမြောက်ခြင်းရှိရန်၊ သူတို့သည် ယေရုရှလင်မြို့သစ်ဖြစ်လာသည့်တိုင် သူတို့၏မွေ့လျော်ဝမ်းမြောက်မှုသည် အပြည့်ဝဆုံးအတိုင်းအတာ ရောက်ရှိလာစေရန် ကိုယ်တော်အလိုရှိသည် - မ၅း၃။ ဆာ၄၃း၄။ ၇၃း၂၅-၂၆။ ဖိ၃း၈-၉။ ဗျာ၂၁း၂။

4. ဤသည်မှာ ဓမ္မသစ်ကျမ်းတစ်ခုလုံး၏ ပင်ကိုမူလပုံဆောင်ချက်ဖြစ်ကာ၊ လူကို ဖန်ဆင်းခြင်း၌လည်းကောင်း၊ ရွေးချယ်ခံလူမျိုးတော်ကို ကိုယ်တော်ဆက်ဆံဖြေရှင်းခြင်း၌လည်းကောင်း ဘုရားသခင်၏ရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့် ယောဘစာစောင်ရှိ ကြီးစွာသော မေးခွန်းအဖို့ ကြီးစွာသောအဖြေ ဖြစ်သည်။

**III. ယောဘ၏ အခြေခံပြဿနာမှာ သူသည် ဘုရားသခင်လျော့နည်းနေခြင်း ဖြစ်သည်။ ယောဘကို ဘုရားသခင်ဆက်ဆံဖြေရှင်းခြင်းအားလုံး၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ယောဘကို သူ၏ဖြစ်တည်မှုကို စောင့်ထိန်းထားသော်လည်း၊ ဗလာဖြစ်သည်အထိ လျှော့ချရန်ဖြစ်ကာ (၂း၆)၊ ထိုသို့ဖြင့် ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို ယောဘအထဲသို့ ဖြည့်သွင်းပေးနိုင်ဖို့ အချိန်ယူနိုင်မည်ဖြစ်သည်။ ဘုရားသခင်သည် တစ်ခုတည်းသောအရာကိုသာ ဂရုစိုက်သည် - ယင်းမှာ ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ပေးခြင်းကိုသာ ဂရုစိုက်သည် (ဧ၃း၁၆-၁၉)။**

A. ယောဘသည် ကိုယ်တိုင်ဖြောင့်မတ်သောသူဖြစ်ကာ (ယောဘ၆း၃၀။ ၉း၂၀။ ၂၇း၅-၆။ ၃၂း၁)၊ သူဖြစ်လာခဲ့သည့်အရာဖြင့် ကျေနပ်ရောင့်ရဲခြင်းရှိခဲ့သည် (၁၃း၃။ ၂၃း၃-၄။ ၃၁း၆)၊ သို့သော် ဘုရားသခင့်ရှေ့တော်၌ သူ၏စိတ်ပျက်ဖွယ်ရာ အခြေအနေကို သတိမပြုမိဘဲ ရှိခဲ့သည် (ညွှန်း၊ ဗျာ၃း၁၆-၁၈)။

B. ယောဘ၏ဘုန်းမှာ သူ၏စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်းဖြစ်ကာ၊ သူ၏သရဖူမှာ သူ၏တည်ကြည်ခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ၏ဘုန်းကို သူ့ထံမှ ချွတ်ခွာပေးခဲ့ပြီး၊ သရဖူကို သူ၏ခေါင်းမှ ဖယ်ရှားပေးခဲ့သည် (၁၉း၉)။ ယောဘ၏မျှော်လင့်ချက်မှာ သူ၏တည်ကြည်ခြင်း "သစ်ပင်"ကို တည်ဆောက်ရန်ဖြစ်သည်၊ သို့သော် ဘုရားသခင်သည် ထိုသို့သောသစ်ပင်အား ယောဘအတွင်း၌ ကြီးထွားလာစေရန် ခွင့်ပြုမည်မဟုတ်ပေ။ ဘုရားသခင်က ဤသစ်ပင်၊ ဤမျှော်လင့်ချက်အား ဆွဲထုတ်ကာ (အငယ်၊ ၁၀)၊ ထိုသို့ဖြင့် ယောဘသည် ဘုရားသခင်ကို ရယူခြင်း အဝန်းအဝိုင်းအထဲသို့ ခေါ်ဆောင်ခံရနိုင်မည်ဖြစ်သည်။

C. ဘုရားသခင်က ယောဘအား သူသည် ဖန်ဆင်းခြင်းအဟောင်းရှိ လူအဖြစ် သူ၏စုံလင်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် တည်ကြည်ခြင်း၌ မိမိကိုယ်ကို တည်ဆောက်ခြင်း၏ မှားယွင်းသော နယ်ပယ်တွင် ရှိနေကြောင်းကို သိစေရန် အလိုတော်ရှိသည်။ ယောဘသည် ဤအရာများ၌ မိမိကိုယ်ကို ဘုန်းထင်ရှားစေသည်၊ သို့သော် ဘုရားသခင်က ထိုအရာတို့ကို အနှောင့်အယှက်များအဖြစ် မှတ်ယူကာ ချွတ်ပယ်ပေးခဲ့သည်၊ သို့မှသာ ယောဘသည် ဘုရားသခင်ကို ကိုယ်တော်၏သဘောသဘာဝ၊ အသက်၊ ဒြပ်သဘာဝနှင့် အနှစ်သာရတို့၌ လက်ခံရရှိပြီး၊ ဘုရား-လူတစ်ဦးဖြစ်ရန်၊ ဖန်ဆင်းခြင်းအသစ်ရှိလူတစ်ဦးအဖြစ် ဘုရားသခင်ကို ထင်ရှားသော၊ ကိုယ်တော်ကို အခြားသူများအထဲသို့ ဝေငှဖြန့်ဖြူးပေးသောသူဖြစ်ရန် ဇီဝဆိုင်ရာ ပုံသဏ္ဌာန်ပြောင်းလဲနိုင်မည်ဖြစ်သည် -၂ကော၃း၁၈။ ၁ပေ၄း၁၀။ ဧ၃း၂။

D. ယောဘတွင် ဘုရားသခင်၏ရည်ရွယ်ချက်မှာ သူ၏စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်း၌ရှိသည့် ဇာတိဆိုင်ရာယောဘကို ဖြိုချကာ ဘုရားသခင်၏သဘောသဘာဝနှင့် ဂုဏ်အင်လက္ခဏာများ၌ အသစ်ပြုပြင်ခံရသော ယောဘကို တည်ဆောက်ပေးရန်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ပေးခြင်းသည် ကျွန်ုပ်တို့၏ဇာတိဖြစ်ခြင်းကို ဖြိုချပေးကာ၊ အသစ်ပြုပြင်ခံရသောဖြစ်ခြင်းကို စေ့စပ်ထုံးဖွဲ့ပေးသည် - ၂ကော၊၄း၁၆-၁၈။ ရော၊၈း၂၈-၂၉။

E. ကျွန်ုပ်တို့အတွင်းမှ ဝိညာဉ်တော်၏ အလုပ်မှာ ကျွန်ုပ်တို့အဖို့ ဖြစ်ခြင်းအသစ်ကို စေ့စပ်ထုံးဖွဲ့ပေးရန်ဖြစ်ပြီး၊ အပြင်ပိုင်း ဝိညာဉ်တော်၏ အလုပ်မှာ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်မှတစ်ဆင့် ကျွန်ုပ်တို့၏ ဇာတိဆိုင်ဖြစ်ခြင်း သွင်ပြင်ရှိသမျှကို ဖြိုဖျက်ပေးရန်ဖြစ်သည်။ ပြုပြင်လုပ်ဆောင်နေသော ဝိညာဉ်တော်နှင့်အတူ ကျွန်ုပ်တို့ပူးပေါင်းပါဝင်ကာ၊ ကျွန်ုပ်တို့အဖို့ ဘုရားသခင် စီစဉ်ထားပေးသည့် ပတ်ဝန်းကျင်ကို လက်ခံသင့်ပါသည် - ဖိ၊၄း၁၂။ ဧ၊၃း၁။ ၄း၁။ ၆း၂၀။ ၁ကော၊၇း၂၄။

F. ဤစကြဝဠာရှိ ဒုက္ခဆင်းရဲခံခြင်း၏ အခြေခံရည်ရွယ်ချက်မှာ အဓိကအားဖြင့် ဘုရားသခင်၏သားသမီးများနှင့် ဆက်နွယ်နေပြီး၊ ၎င်းမှတစ်ဆင့် ဘုရားသခင်၏သဘောသဘာဝသည် လူ၏သဘောသဘာဝအထဲသို့ ယူဆောင်ခံရကာ၊ လူသည် ဘုရားသခင်ကို အပြည့်ဝဆုံးအတိုင်းအတာအထိ ရရှိနိုင်ရန်ဖြစ်သည် - ၂ကော၊၁း၈-၉။ ၄း၁၆။

1. အသက်ရှင်သောဘုရားသခင်သည် လူ၏ကိုယ်စား များစွာ ပြုမူလုပ်ဆောင်ခြင်းရှိနိုင်သော်လည်း၊ အသက်ရှင်သော ဘုရားသခင်၏အသက်နှင့် သဘောသဘာဝသည် လူအထဲသို့ ယူဆောင်လာခြင်း မရှိပါ။ ရှင်ပြန်ထမြောက်ခြင်းဘုရားသခင်သည် လုပ်ဆောင်ခြင်းရှိသောအခါ ကိုယ်တော်၏အသက်နှင့် သဘောသဘာဝသည် လူအထဲသို့ ယူဆောင်လာခြင်း ရှိလေသည် - အငယ်၊၁၆။
2. ဘုရားသခင်သည် အပြင်ပိုင်း ပြုမူခြင်းများ၌ ကိုယ်တော်၏အစွမ်းတန်ခိုးကို ပြသရန် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ၊ မိမိကိုယ်တော်တိုင်ကို လူအထဲသို့ ဖြည့်သွင်းကာ လုပ်ဆောင်ရန် အလုပ်လုပ်နေခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ မိမိ၏အသက်နှင့်သဘောသဘာဝကို လုပ်ဆောင်ရန်အလို့ငှာ ပတ်ဝန်းကျင်ကို အသုံးပြုသည် - ဂလ၊၄း၁၉။ ၂ကော၄း၇-၁၂။ ၁သက်၊၃း၃။ ယော၊၁၆း၃၃။
3. ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်ကာ၊ ရှင်ပြန်ထမြောက်ခြင်းဘုရားသခင်နှင့်အတူ စေ့စပ်ထုံးဖွဲ့ခြင်းခံရန်အလို့ငှာ ကျွန်ုပ်တို့သည် "ခပ်သိမ်းသောအရာများ"မှတစ်ဆင့် ဘုရားသခင်၏သားဦးဖြစ်သည့် ခရစ်တော်၏ သဏ္ဍာန်တော်သို့ သဏ္ဍာန်တူညီခြင်း ရှိရမည်ဖြစ်သည် - ရော၊၈း၂၈-၂၉။ ဟေဗြဲ၊၁၂း၁၀။ ညွှန်း၊ ယေ၊၄၈း၁၁။
4. ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲများအလယ်တွင် ရှိနေသည့်အခါ ဘုရားသခင်ထံသို့ ညည်းညူပြောဆိုခြင်း ရှိကောင်းရှိမည်၊ သို့သော် ကျွန်ုပ်တို့၏ညည်းညူပြောဆိုခြင်းသည် အကောင်းဆုံးသောဆုတောင်းချက်၊ ဘုရားသခင်ထံသို့ နှစ်လိုဖွယ်အကောင်းဆုံးသော ဆုတောင်းချက်ဖြစ်ကောင်းဖြစ်နိုင်သည်။ ကျွန်ုပ်တိုညည်းညူပြောဆိုနေစဉ် ဘုရားသခင်သည် ဝမ်းမြောက်ပျော်ရွှင်ခြင်းရှိနေသည်၊ အကြောင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော့်သားဦး၏ ပုံသဏ္ဍာန်သို့ သဏ္ဍာန်တူညီလာခြင်းရှိရန် ခပ်သိမ်းသောအရာတို့သည် ကောင်းခြင်းအဖို့ အတူတကွ လုပ်ဆောင်နေကြသောကြောင့်ဖြစ်သည် - ညွှန်း၊ ဆာ၊၁၀၂ ခေါင်းစဉ်။

**IV. ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းကို ရရှိရန် ကိုယ်တော်၏စီမံကိန်းပြီးပြည့်စုံခြင်းအတွက် လူကို ဘုရားဖြစ်စေရန် သုံးပါးတစ်ပါးဘုရား၏လှုပ်ရှားမှုသည် ရောနှောပေါင်းစည်းထားသောဝိညာဉ်၊ ဘုရားဆိုင်ရာဝိညာဉ်တော်က ကျွန်ုပ်တို့၏လူသားဝိညာဉ်နှင့် တစ်လုံးတစ်ဝတည်း ရောနှောပေါင်းစည်းသည့် ဝိညာဉ်၌ လုံးလုံးဖြစ်ပေါ်ခြင်းဖြစ်သည် - ၁ကော၊၆း၁၇။ ဗျာ၊၁း၁၀။ ၄း၂။ ၁၇း၃။ ၂၁း၁၀။ ညွှန်း၊ ယောဘ၊၁၂း၁၀။ ၃၂း၈။**

A. ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာ၌ ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် အသက်ရှင်ကာ၊ ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းရမည်။ အရာခပ်သိမ်းကို ဝိညာဉ်တော်အားဖြင့်၊ ဝိညာဉ်တော်နှင့်အတူ၊ ဝိညာဉ်တော်၌၊ ဝိညာဉ်တော်မှတစ်ဆင့် လုပ်ဆောင်ကာ၊ ပြုမူရမည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို ဂရုစိုက်ကာ၊ ဘုရားဆိုင်ရာဝိညာဉ်တော်က ကျွန်ုပ်တို့၌ အသက်ရှင်နေခြင်း၊ ကျွန်ုပ်တို့၌ အိမ်တော်ဆောက်လုပ်နေထိုင်ခြင်း၊ ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲပေးခြင်းတို့အား တွေ့ကြုံခံစားဖို့ရန် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ခြင်းဖြင့် အရာခပ်သိမ်းကို လုပ်ဆောင်ရမည်ဖြစ်သည် - ဂလ၊၅း၁၆၊ ၂၅။ ဖိ၊၃း၃။ ရော၊၈း၄၊ ၆။ ၂ကော၊၂း၁၂-၁၄။ မာလ၊၂း၁၅-၁၆။

B. ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော ဝိညာဉ်တော်မှ ကင်းကွာလျက် မည်သည့်အရာကိုမျှ မပြုမူသင့်ပေ။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်မှ ကင်းကွာလျက် မည်သည့်အခြေအနေကိုမျှ မရင်ဆိုင်သင့်ပါ၊ မည်သည့်လိုအပ်ချက်ကိုမျှ မဖြည့်ဆည်းသင့်ပါ။ ဘုရားဆိုင်ရာဝိညာဉ်ကို ကျွန်ုပ်တို့၏ဝိညာဉ်၌ ထိတွေ့ခြင်းရှိရန် ကျွန်ုပ်တို့ သင်ယူရမည်။ ဤသည်မှာ ခရစ်ယာန်အသက်တာနှင့် ခရစ်ယာန်၏အလုပ်တွင် ဘုရားသခင်၏စီမံကိန်းပြည့်စုံစေခြင်းအတွက် ပင်ကိုမူလ အရေးကြီးသည့်အချက်ဖြစ်သည်-ဇာ၊၄း၆။ ၂ကော၊၃း၃၊ ၆။ ရော၊၁း၉။ ၇း၆။ ဖိ၊၃း၃။

C. ခရစ်ယာန်တစ်ဦးဖြစ်ခြင်းနှင့် အောင်မြင်သောသူဖြစ်ခြင်းမှာ ခက်ခဲရုံမျှသာမက၊ ၎င်းသည် မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့၏ ဝိညာဉ်၌ အရာအားလုံးပါဝင်သောဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့တွင် အသက်ရှင်နေသော အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားသည်သာလျှင် ခရစ်ယာန်နှင့် အောင်မြင်သောသူ ဖြစ်နိုင်ပါသည် - လု၊၁း၃၇-၃၈က။ ၂ကော၊၄း၁၃။ ရော၊၈း၂။

D. ကျွန်ုပ်တို့သည် ဝိညာဉ်တော်အတိုင်း အရာခပ်သိမ်းကို လုပ်ဆောင်နေသရွေ့ ခရစ်တော်၏ လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ဝိညာဉ်တော် သွန်းလောင်းခြင်းနှင့်အတူ တက်ကြွခြင်းတို့ကို တွေ့ကြုံခံစားနိုင်မည်ဖြစ်သည်။ ဤအရာက ကျွန်ုပ်တို့အား ဘုရားသခင်၏အသင်းတော်၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ လူသစ်၊ စပျစ်နွယ်ပင်နှင့် အကိုင်းအခက်များအဖြစ် သုံးပါးတစ်ပါးဘုရား၏ ရှင်သန်သောထုံးဖွဲ့မှု ဖြစ်လာစေကာ၊ ယင်းသည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် - ဖိ၊၁း၁၉။ ယောလ၊၂း၂၈-၃၂။ တ၊၂း၁၆-၂၁။ ဧ၊၁း၂၂-၂၃။ ၂း၁၅။ ၄း၄၊ ၂၃-၂၄။ ယော၊၁၅း၁-၁၁။ ဗျာ၊၃း၁၂။ ၁၉း၇-၉။ ၂၁း၂၊ ၁၀။

## V. ယောဘသည် သူ့ထံသို့ ဘုရားသခင်ပေါ်ထွန်းလာခြင်း၌ ဘုရားသခင်ကို မြင်ခဲ့ကာ၊ မိမိ၏ကိုယ်ပိုင်အတွေ့အကြုံ၌ ဘုရားသခင်ကို ရရှိပြီး၊ မိမိကိုယ်ကို ရွံရှာခဲ့သည် - ယောဘ၊၃၈း၁-၃။ ၄၂း၁-၆။

A. ယနေ့ ကျွန်ုပ်တို့၏ဘုရားသခင်သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရား၏ပြီးမြောက်ခြင်းအဖြစ် အရာအားလုံးပါဝင်သောဝိညာဉ်တော် ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့မျှော်ကြည့်သည့် ဘုရားသခင်မှာ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်ဖြစ်ပြီး၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏ဝိညာဉ်၌ မျှော်ကြည့်နိုင်ပါသည် - ၂ကော၊၂း၁၀။ ၂တိ၊၄း၂၂။

1. ကျွန်ုပ်တို့သည် ဘုရားသခင်ကို မြင်ရပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ဖြင့် စေ့စပ်ထုံးဖွဲ့ခံရသည်။ ဘုရားသခင်ကို မြင်ခြင်းသည် ကျွန်ုပ်တို့ကို ပုံသဏ္ဌာန်ပြောင်းလဲပေးပြီး၊ ဘုရားသခင်ကို မြင်ခြင်းသည် ဘုရားသခင်ကို ရရှိခြင်းနှင့် တူညီသည် - ၂ကော၊၃း၁၆၊ ၁၈။ မ၊၅း၈။ ဗျာ၊၂၂း၄။
2. ကျွန်ုပ်တို့သည် ဘုရားသခင်ကို မြင်ပြီး၊ ဘုရားသခင်ကို ပို၍ ချစ်လေလေ၊ ကျွန်ုပ်ကိုယ်ကို ငြင်းပယ်ကာ ကျွန်ုပ်တို့ကိုယ်ကို မုန်းတီးလေလေဖြစ်သည် - ယောဘ၊၄၂း၅-၆။ ဟေရှာ၊၆း၅။ လု၊၁၄း၂၆။

B. ဘုရားသခင်ကို မြင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်သည် - ဧ၊၁း၁၇-၁၈။ ၃း၁၆-၁၇။ ၁ကော၊၂း၉-၁၆။ ၂ကော၊၄း၁၃။ ၁တိ၊၄း၇။ ၂တိ၊၁း၆-၇။

1. ကျွန်ုပ်တို့သည် ဝိညာဉ်၌ ကိုယ်တော်ကို ကြည့်လေလေ၊ ကိုယ်တော်ပါဝင်သောအရာအားလုံးကို ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ကျွန်ုပ်တို့၏အတွင်းပိုင်းမစရာအဖြစ် လက်ခံရရှိလေလေဖြစ်သည် - ၂ကော၊၃း၁၆-၁၈။
2. ကျွန်ုပ်တို့၏ နှိပ်စက်ညှဉ်းပန်းခံရခြင်းများအလယ်၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်သို့ အလေးထားဂရုပြုကာ၊ သခင်ဘုရားကို ကျွန်ုပ်တို့၏ ကိန်းဝပ်ရာနေရာ၊ ကျွန်ုပ်တို့၏ကျေနပ်နှစ်သိမ့်မှု လျှို့ဝှက်ချက်အဖြစ် ယူဆောင်ရမည်ဖြစ်သည် - ၂း၁၃။ ၇း၅-၆။ မာလ၊၂း၁၅-၁၆။ ဆာ၊၉၁း၁။ ဖိ၊၄း၁၁-၁၃။ ဆာ၊၉၀း၁-၁၂။ ၃၁း၂၀။ ဟေရှာ၊၃၂း၂။

C. ဘုရားသခင်ကို မြင်ရန်အလို့ငှာ ကျွန်ုပ်တို့၏စိတ်နှလုံးကို ဆက်ဆံဖြေရှင်းရမည်ဖြစ်သည် - ၂ကော၊၃း၁၆၊ ၁၈။ မ၊၅း၈။ ၁၃း၁၈-၂၃။

1. ကျွန်ုပ်တို့သည် ဘုရားသခင်၏သန့်ရှင်းသောနှုတ်ကပတ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းအားဖြင့် ကျွန်ုပ်တို့အသိဉာဏ်၏ဝိညာဉ်၌ အသစ်ပြုပြင်ခံရကာ၊ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် သွန်သင်လမ်းညွှန်ခြင်း၊ အုပ်စိုးခြင်း၊ အစိုးရခြင်းနှင့် ထိန်းချုပ်ခြင်းခံရမည်ဖြစ်သည် - ဧ၊၄း၂၃။ တရား၊၁၇း၁၈-၂၀။ ဖိ၊၂း၂၊ ၅။

2. ကျွန်ုပ်တို့သည် သခင်ဘုရား၏ချစ်ခြင်းမေတ္တာဖြင့် တောက်လောင်နေရမည်၊ ကိုယ်တော်၏အိမ်တော်အတွက် ကျွန်ုပ်တို့၏ စိတ်အားထက်သန်ခြင်းအဖြစ် ကိုယ်တော်ဖြင့် ပြည့်ဝနေသည့် ခံစားမှုရှိနေရမည်ဖြစ်သည် - ၁း၈။ ၂ကော၊၅း၁၄။ ၂တိ၊ ၁း၆-၇။ ယော၊၂း၁၇။ မာ၊၁၂း၃၀။
3. ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် သိမ်းပိုက်ခံသော၊ ဒုက္ခဆင်းရဲများမှတစ်ဆင့် ခရစ်တော်ဖြင့် ပုံသဏ္ဍာန်ပြောင်းလဲလာသော အလိုဆန္ဒရှိရမည်၊ သို့မှသာ ၎င်းသည် ခရစ်တော်၏ ဦးခေါင်းအရာထံသို့ ဝန်ခံခြင်းရှိမည် (ဖိ၊၂း၁၃။ ညွှန်း၊ သီ၊၄း၁၊ ၄။ ၇း၄က၊ ၅)၊ ကျွန်ုပ်တို့သည် တန်ဖိုးမဖြတ်နိုင်သော၊ ဆေးကြောသန့်ရှင်းပေးသော၊ သန့်စင်ပေးသော ခရစ်တော်၏အသွေးတော်အားဖြင့် ကောင်းသော၊ စင်ကြယ်သော သြတ္တပ္ပစိတ်ကို စောင့်ထိန်းခြင်းရှိရမည်ဖြစ်သည် (တ၊၂၄း၁၆။ ၁တိ၊၃း၉။ ဟေဗြဲ၊၉း၁၄။ ၁၀း၂၂)။

**VI. ကိုယ်တော်ကို ချစ်သောသူတို့အား ဆက်ဆံဖြေရှင်းခြင်း၌ ဘုရားသခင်၏အကြံအစည်တော်မှာ သူတို့သည် ကိုယ်တော်ကို အပြည့်ဝဆုံးအတိုင်းအတာအထိ ရရှိပြီး၊ သူတို့၌ရှိသည့် ကိုယ်တော်မှလွဲ၍ အရာအားလုံးကို အဆုံးရှုံးခံခြင်းအား ကျော်လွန်ခြင်းရှိကာ (ဖိ၊ ၃း၇-၈)၊ ထိုသို့ဖြင့် ကိုယ်တော်သည် လူကိုဖန်ဆင်းခြင်း၌ ကိုယ်တော်၏အကြံအစည်တော် ပြီးပြည့်စုံခြင်းအတွက် သူတို့မှတစ်ဆင့် ထင်ရှားခြင်း ရှိနိုင်မည်ဖြစ်သည် (က၊၁း၂၆)။**

*© 2020 Living Stream Ministry*